၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

## ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၄၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) တက်ရောက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

မလေးရှားတပ်မတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) ကို ယနေ့ နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Intercontinental Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၅)ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (15th ASEAN Military Operations Meeting –15th AMOM)နှင့် (၂၂) ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့** *ဖတ် စ ရာ*



### ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ စတင်ရောင်းချလာ

ပြည်တွင်းသတင်း စာ ၃

### ရခိုင်ပြည်နယ်သို့ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိ

ပြည်တွင်းသတင်း စာ ၄





### အပြုသဘောဆောင်သော ပြောင်းလဲခြင်းများမှသည်...


ဆောင်းပါး စာ ၆

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**





❑ *ရှေ့ဖုံးမှ*

(22nd ASEAN Military Intelligence Meeting – 22nd AMIM) များသို့ ပါဝင်တက်ရောက်ခဲ့ကြသည့် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြ**

ဦးစွာ (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM) ဥက္ကဋ္ဌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (22nd AMIM) ဥက္ကဋ္ဌ မလေးရှားတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Lieutenant General Dato' Mohd Razali Bin Alias နှင့် (၁၅)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (15th AMOM)ဥက္ကဋ္ဌမလေးရှားတပ်မတော်၊ စစ်ဆင်ရေးနှင့်လေ့ကျင့်ရေးဌာန၊ ဒုတိယစစ်ဦးစီးအရာရှိချုပ် Major General Dato' Indera Zahari bin Mohd Ariffin တို့က အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

**နိုင်ငံအက္ခရာစဉ်အလိုက် ပါဝင်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက **"ပြည့်စုံကြွယ်ဝမှုနှင့် လုံခြုံမှုတို့အတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)"** ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုမှာ အဓိကအရေးပါသည့် အခြေခံကဏ္ဍတစ်ရပ်ဖြစ်သည့် **"ပြည့်စုံကြွယ်ဝမှုနှင့် လုံခြုံမှုတို့အတွက် အာဆီယံ၏စည်းလုံးညီညွတ်မှု (ASEAN Unity for Security and Prosperity)"** ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ အာဆီယံတပ်မတော်များ၏ ၂ နှစ်တာလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၇) {Two Years Work Plan (2025-2027)} အား အတည်ပြုခြင်း၊ (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting-22nd ACDFM) ၏ ပူးတွဲကြေညာချက် (Joint Statement) အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပူးတွဲကြေညာချက် (Joint Statement) ကို အတည်ပြုလက်မှတ်ရေးထိုးကာ တက်ရောက်လာကြသည့် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)** ယင်းနောက် (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM) ဥက္ကဋ္ဌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar က အပိတ်မိန့်ခွန်းပြောကြားပြီး (၂၃) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး(23rd ACDFM)အား အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Romeo Saturnino Brawner Jr. ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး၏အလံ (ASEAN Flag) တို့ကို လွှဲပြောင်းပေးအပ်ခဲ့ကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Haji Mohd Nizam bin Haji Jaffar ၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Saichai Kommasith နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံဆွေးနွေးကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့**

အလားတူ ဆက်စပ်အစည်းအဝေးများဖြစ်သော (၁၅)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (15th ASEAN Military Operations Meeting -15th AMOM)အား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Intercontinental Hotel ၌လည်းကောင်း၊ (၂၂) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (22nd ASEAN Military Intelligence Meeting – 22nd AMIM) အား Shangri-La Hotel ၌လည်းကောင်း စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြပြီး အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်များကို ပိုမိုခိုင်မာစေအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ စတင်ရောင်းချလာ



**ပခုက္ကူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ သီတင်းကျွတ်ကာလမတိုင်မီကပင် စတင်ရောင်းချလာကြောင်း သိရသည်။

သီတင်းကျွတ်မီးပုံးနှင့်ကလေးကစားစရာအရုပ်များကို ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံအရှေ့ဘက် မြို့မဈေးကြီးအဝင်၊ ထင်းတန်းလမ်းတစ်လျှောက်နှင့် သီဟိုဠ်ရှင်ဘုရားကြီးရှေ့တို့တွင် အဓိကရောင်းလျက်ရှိကြပြီး အဆိုပါမီးပုံးနှင့်အရုပ်များကို အမှတ် ၁၀၊ ၁၃၊ ၁၄ရပ်ကွက်များမှ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းလုပ်ကိုင်သူများက လာရောက်ရောင်းချခြင်းဖြစ်သည်။

ထိုသို့ရောင်းချရာတွင် သီတင်းကျွတ်မီးပုံး၊ မီးဆိုင်းများ၊ ကလေးကစားစရာအရုပ်များဖြစ်သည့် ယုန်ရုပ်၊ သဘော်ပုံစံမျိုးစုံ၊ လေယာဉ်ပုံစံများနှင့် ဟယ်လီကော်ပတာပုံများကို ဈေးနှုန်းအလိုက် ရောင်းချလျက်ရှိကြောင်း၊ ဝါခေါင်လမှစတင်ပြီး သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်ပုံစံများ ဖန်တီးပြုလုပ်နိုင်ရန် မှန်ရောင်စက္ကူရွက်များ၊ ဆီစိမ်အကြမ်းစက္ကူရွက်များနှင့်ဝါးများကို ကြိုတင်ဝယ်ယူရကြောင်း၊ အရုပ်များကို စက်တင်ဘာ ၇ ရက်မှစတင်ပြီး ရောင်းချခဲ့ရာ လက်ရှိတွင် တစ်နေ့လျှင် အများဆုံး ငွေကျပ် ခြောက်သောင်းဝန်းကျင်အထိ ရောင်းချရကြောင်း ပခုက္ကူမြို့ အမှတ် (၁) စည်ပင်သာယာ မြို့မဈေးရှေ့ ထင်းတန်းလမ်းတွင် ရောင်းချသူတစ်ဦးက ပြောသည်။

**ဘာမီသာ(ပခုက္ကူ)**

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သည့် အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

**စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြု**

ဆက်လက်၍ စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်၊ အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန်ဖိအားပေးကစားခဲ့ကြရာ ပွဲချိန် ၄ မိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး တစ်ဂိုးသွင်းကာ ပွဲစဉ်ကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ ခန့်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းက ပြန်လည်ချေပဂိုး တစ်ဂိုးသွင်းနိုင်ခဲ့သဖြင့် ပွဲကစားချိန်မိနစ်အားလုံး ပြီးဆုံးချိန်တွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိ

**စစ်တွေ စက်တင်ဘာ ၁၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီအောင်ရတနာငွေသင်္ဘော၊ အမ်ဗွီ ရဲထွန်းအောင်(၂) သင်္ဘောနှင့် အမ်ဗွီရွှေပိုင်ဖြိုးသင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။




ဦးစွာ အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီအောင်ရတနာငွေသင်္ဘော၊ အမ်ဗွီ ရဲထွန်းအောင်(၂) သင်္ဘော၊ အမ်ဗွီ ရွှေပိုင်ဖြိုး သင်္ဘောများပေါ်မှ ဆန်နှင့် အခြေခံစားသောက်ကုန်များ ကုန်တင်ကုန်ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ ကုန်တင်ကုန်ချ ပြုလုပ်ရာတွင် ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသည့် ပြည်သူများ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ စခန်းများတွင်နေထိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

စစ်တွေမြို့တွင် ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၁၉၈ ဒသမ ၆၁ တန်၊ အမ်ဗွီရဲထွန်းအောင်(၂) သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၉၁၅ ဒသမ ၃ တန်၊ အမ်ဗွီ ရွှေပိုင်ဖြိုးသင်္ဘောတွင် ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၂၈၃ တန်တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ မြို့မဈေးကြီးတွင် ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ၊ သားငါးများရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ရန်ရောက်ရှိလာကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပန်းခင်းစီမံချက်အဆင့်(၃)အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက တပ်ရင်း၊ တပ်ဖွဲ့များမှတပ်ဖွဲ့ဝင်များနှင့်မိသားစုများအားလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ကြရာ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဟိုပုံးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ဟိုပုံး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ကျောင်းသူများက ဆေးရောင်ခြယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိမ့်စိမ့်လှိုင်တို့က ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးထက်ထက်ထွန်းက ကလေးစာဖတ်ခန်းတွင် ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိအမေး၊ အဖြေများဆောင်ရွက်ပေးပြီး ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အကြိုအသိပညာပေး လှုပ်ရှားမှုအဖြစ် သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ အပြန်အလှန် မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း China–ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) – 2025 အခမ်းအနားတက်ရောက်





**နေပြည်တော် စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ယမန်နေ့က ကျင်းပသည့် China–ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) – 2025 အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ၊ ကွမ်ရှီးကျွမ်း ပင်လယ်သမုဒ္ဒရာ စီမံခန့်ခွဲရေးဌာနအကြီးအကဲနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများကို အိန္ဒိယသမုဒ္ဒရာသို့ ဆက်သွယ်ပေးနိုင်သော အချက်အချာကျသည့်နေရာ၌ တည်ရှိနေပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းသို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်သည့် Gateway တစ်ခုအဖြစ်တည်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သာတူညီမျှ သာယာဝပြောမှုကို အလေးထားလျက် ဒေသတွင်း ခိုင်မာ၍ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံ ပင်လယ်ပြာ စီးပွားရေးမူဘောင် (၂၀၂၃) နှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ကို ချမှတ်၍ ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုကို အလေးထား ပံ့ပိုးပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ပြာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် မဖြစ်နိုင်သည့် ရည်မှန်းချက်တစ်ခု မဟုတ်ဘဲ မိမိတို့နိုင်ငံအသီးသီးက အမျိုးသားရေးမူဝါဒ တစ်ရပ်အဖြစ် ချမှတ်၍ ဦးစားပေးဆောင်ရွက်ရမည့်၊ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ဖိုရမ်ကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်ဖိုရမ်၏ဆောင်ပုဒ်သည် “ဆန်းသစ်တီထွင်ခြင်း၊ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ထိရောက်သော ဖြေရှင်းခြင်း နည်းလမ်းများဖြင့် တရုတ်–အာဆီယံ ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အနာဂတ်သစ်ကို ဖန်တီးစို့” (Innovation, Green Development and Smart Solutions: Shaping A New Blue Future for China and ASEAN) ဖြစ်ကာ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် သမ္မတ ရှီကျင့်ဖျင် အဆိုပြုခဲ့သော ရပ်ဝန်းနှင့်ပိုးလမ်းမအစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် တရုတ်–အာဆီယံ ပင်လယ်ပြာ စီးပွားရေး မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Beibu Gulf Port Group ကုမ္ပဏီ၊ China–ASEAN Artificial Intelligence Computing Centre ၊ Qinzhou Port Automated Container Terminal နှင့် China–Malaysia Qinzhou Industrial Park တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား ဆုချီးမြှင့်

**မန္တလေး စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မဟာအောင်မြေခရိုင်အတွင်းလေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး မဟာအောင်မြေမြို့နယ် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။




ဦးစွာ အထက(၁၄) ကျောင်းသား ကျောင်းသူများက “ဘက်စုံပညာကိုရည် ဒို့လှမ်းချီ” သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့်မြို့နယ်ပညာရေးမှူးများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

**မြင့်မော်ထွန်း**
**(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်းပါး

# အပြုသဘောဆောင်သော ပြောင်းလဲခြင်းများမှသည်...

စည်သူကျော်

နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဖြစ်ပါသည်။

ထိုနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြသည်။ ကျင်းပသည်ဆိုရာ၌လည်း ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (United Nations World Tourism Organi-zation- UNWTO) က ထိုနှစ်အတွက် ချမှတ်သော ဆောင်ပုဒ်အကြောင်းအရာ (Theme) အပေါ် အခြေခံ၍ ကျင်းပကြခြင်းဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီးက နှစ်စဉ်ကမ္ဘာပေါ်၌ လတ်တလောဖြစ်ပေါ်လျက်ရှိသော အားလုံးက အလေးထားဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အကြောင်းအရာ Global Agenda များကို အခြေခံ၍ သက်ဆိုင်ရာနှစ်အတွက် ဆောင်ပုဒ်ကို ဖော်ထုတ်ချမှတ်ခြင်းဖြစ်ပါသည်။

၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Tourism and Sustainable Transformation" ဖြစ်ပါသည်။ ယခုနှစ် ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခုတွင် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတစ်ဦးက **"ဆန်းသည်"** ဟု မှတ်ချက်ပြုပြောကြားသည်။ မိတ်ဆွေက ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အောင်မြင်သော ခရီးလှည့်လည်ရေးလုပ်ငန်းတစ်ခုကို ဦးဆောင်လုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်။ သူပြောသော **"ဆန်းသည်"** ဆိုသောစကားသည် သမားရိုးကျမဟုတ်၊ အစဉ်အလာမဟုတ် "Strange" ဖြစ်သည်ဟု ပြောလိုသည်ကို ခန့်မှန်းယူဆမိသည်။

ယခုနှစ်ဆောင်ပုဒ်၌ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် မြင်နေကြ၊ အသုံးပြုနေကြမဟုတ်သည့် Transformation ဆိုသည့် အသုံးအနှုန်း ပါဝင်သောကြောင့် ဖြစ်မည်ထင်သည်။ ခရီးသွားလုပ်ငန်းပညာရပ်ဆိုင်ရာနယ်ပယ်တွင် တာဝန်သိခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းစသည့်စကားလုံးများကိုသာ တွင်တွင်ကျယ်ကျယ်ဖော်ညွှန်းသုံးစွဲနေကြရာ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှုနှင့်ဆိုင်သော Transfor-mation ဆိုသောစကားလုံးသည် အနည်းနှင့် အများဆိုသလို ရင်းနှီးကျွမ်းဝင်မှုမရှိသော စကားလုံးဖြစ်နေပေမည်။




ငလိုက်စခန်းသာဆင်စခန်း၌ မြန်မာနိုင်ငံ၏ အရှည်ဆုံး တောတွင်းဖြတ်လျှောက်လမ်းတံတားနှင့်အတူ တွေ့ရစဉ်။

### ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ထူးခြားသောပြောင်းလဲမှုများ ဖြစ်ပေါ်လာ

ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာနေသည်ကတော့ အမှန်ဖြစ်သည်။ ဈေးကွက်စီးပွားရေးနယ်ပယ်တွင် ဈေးကွက်ရှာဖွေခြင်း လုပ်သည်သာရှိသည်ဟု ကြားဖူးကြပေမည်။ ယခုခရီးသွားလုပ်ငန်းနယ်ပယ်တွင် ဈေးကွက်လျှော့ချမှု သဘောတရားတို့ကို အလေ့အလာပြုလုပ်လာကြသည်။ နော်ဝေခရီးသွားလုပ်ငန်းကြော်ငြာတစ်ခုဖြစ်သော Visit Oslo (Is it even a city?) ကြော်ငြာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကြော်ငြာသဘောသဘာဝနှင့် ဆန့်ကျင်ဘက်ဖြစ်သော ရွံရှာဖွယ် (Disgusting) ဆိုသော အသုံးအနှုန်းကို ထည့်သွင်းထားသည်။

### ခရီးသွားဆွဲဆောင်မှုများသို့ ဝင်ရောက်လည်ပတ်မှုများပြားလာ

ကြော်ငြာ ဗီဒီယိုကလစ်၏ ခေါင်းစဉ်ကပင်လျှင် (ဒါမြို့တစ်မြို့တောင် ဟုတ်ရဲ့လား) (Is it even a city?) ဟုပင် အမည်တပ်ထားသည်။ (ဗီဒီယိုကို https://youtu.be/8vhD59ac7nw တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) ဒါတွေက ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာခြင်းသဘောကို ပြဆိုနေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်း၏ ပင်မအဓိကဆွဲဆောင်မှုများကို ဖယ်ခွာ၍ အငယ်စား (small scale) ခရီးသွားဆွဲဆောင်မှုများသို့ ဝင်ရောက်လည်ပတ်မှုများပြားလာသဖြင့် (Micro Tourism) ဟုခေါ်သော အသေးစားခရီးသွားလုပ်ငန်းများ တွင်ကျယ်လာသည်ကို တွေ့ရသည်။

အပန်းဖြေခရီးထွက်ရန် ဝေးလံသောနေရာများအစား မိမိမြို့ရွာဒေသအနီးပတ်ဝန်းကျင်ရှိ အပန်းဖြေရန်နေရာများသို့ ခရီးထွက်ကြသူများရှိလာသည်ကို တွေ့ရှိရသည်။ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် **"ရန်ကုန်မြို့မှ မိုင်အနည်းငယ်သာကွာဝေး၍ သာယာလှပသော… ထိုနေရာ၊ … ဤနေရာ…"** စသည့်ကြော်ငြာများကို တွေ့လာရသည်။ ဟိုတယ်များသည်ပင် တည်းခိုရန်နေရာသက်သက်မဟုတ်တော့ဘဲ အပန်းဖြေနားနေရန်၊ လည်ပတ်ရန် ဆွဲဆောင်မှုနေရာ ဖြစ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် ယနေ့ဟိုတယ်များသည် (Staycation Package) များကို တွင်တွင်ကျယ်ကျယ် ရောင်းချလာကြခြင်းဖြစ်သည်။

### ခရီးသွားဗဟိုချက်နေရာများ၏ အရေးပါမှု

ယခင်က နာမည်ကြီးထင်ရှားသော ခရီးသွားဗဟိုချက်နေရာများ၏ အရေးပါမှုသည် ယုတ်လျော့လာပြီး Mirco-Tourism ပေါက်ဖွားရာ ခရီးသွားဆွဲဆောင်မှုအသစ်များ ပေါ်ပေါက်လာသည်။ ဥပမာ- ရှမ်းပြည်နယ်တွင် အပြိုင်အရိုင်း ပေါ်ပေါက်လာသော ဗျူးပွိုင့်များ၊ ရေတံခွန်များ၊ ဥယျာဉ်ပန်းခြံများ၊ Camp site များစသည်တို့သည် Micro-Tourism ဖွံ့ဖြိုးလာခြင်း၏ လက္ခဏာရပ်များဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်ဒေသဟု သတ်မှတ်ခြင်းခံထားရသော အင်းလေးဒေသသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုထက် ရွာင်၊ ကလော စသည့်ခရီးစဉ်ဒေသများရှိ အငယ်စားခရီးသွားဆွဲဆောင်မှုများသို့ သွားရောက်လည်ပတ်မှုက မတိမ်းမယိမ်းမကသာလွန်သည့် အနေအထားတွင်ရှိသည်။ ၎င်းခရီးသွားဆွဲဆောင်မှုများသည် ဖြန့်ကြက်ကွဲပြားသောသဘော (Discursive) ဖြစ်လျက်နှင့်ပင် မတူခြားနားသော စိတ်ဆန္ဒအာသီသရှိသည့် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ Micro- Tourism သည် ထုကြီးထည်ကြီးနှင့် ပြင်ဆင်ခရီးထွက်ရခြင်းထက် လျင်မြန်သွက်လက်စွာသွားလာလည်ပတ်နိုင်သည့် Less Luggage, Travel Lite ပုံစံဖြစ်သဖြင့် ခရီးသွားများများနှင့် အကြိမ်ရေပိုမိုသွားလာလည်ပတ်နိုင်သည်။ Micro- Tourism များသည် မည်သို့သော အကျိုးရှိစေပါသနည်းဟု မေးသော် Micro- Tourism သည် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေသည့် ဒေသခံပြည်သူများ၏ ဝင်ငွေရရှိမှု(တစ်နည်း) စီးပွားရေးကို တိုက်ရိုက်အထောက်အကူဖြစ်စေသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည်။

### ဘားအံခရီးစဉ်များ လူကြိုက်များ

ထိုခရီးသွားဆွဲဆောင်မှုများအပေါ် ခရီးသွားများ၏ သုံးသပ်အကြံပြုချက် ကောင်းသည်။ လူမှုကွန်ရက်မီဒီယာများပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် "ပေါက်"သည်ဟု ပြောရနိုင်သည်။ ပြည်တွင်းခရီးသွားဈေးကွက်အတွင်းမှ မိတ်ဆွေများက ယခုနှစ်မိုးရာသီ ဘားအံခရီးစဉ်များ လူကြိုက်များလှကြောင်း ပြောသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပို့စ်မော်ဒန်ခရီးသွားလုပ်ငန်းဆိုင်ရာ အရိပ်လက္ခဏာများ တွေ့လာရပြီဟု သုံးသပ်သည်။ သမားရိုးကျပုံစံကြော်ငြာများမှ ခွဲထွက်လာသော ဟိုတယ်၊ ရီဆော့အပန်းဖြေစခန်း ကြော်ငြာများ တွေ့လာရသည်။ သို့ဆိုလျှင် ခရီးသွားလုပ်ငန်း၏ လားရာသည် ပြောင်းလဲနေလေပြီ။

ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာသော အနေအထားတစ်ရပ်ကို ကိုဗစ် -၁၉ ကပ်ရောဂါကာလကတည်းက တွေ့မြင်လာရသည်ကို သတိပြုမိသည်။ ယင်းပြောင်းလဲမှုသည် သီအိုရီပိုင်းဆိုင်ရာအရသာမက လက်တွေ့ခရီးသွားလုပ်ငန်းနယ်ပယ်တွင်ပါ ပြောင်းလဲမှုကြီးကြီးမားမားရှိခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားလိုက်ခြင်းသည် ခရီးသွားလုပ်ငန်းကို အစမှပြန်စရန် (ပညာရှင်များက Zero Setting ချလိုက်ခြင်းဟု သုံးစွဲကြသည်။) အခွင့်အလမ်းဖြစ်ပြီး ခြေလှမ်းအသစ်၊ အားသစ်အင်သစ် အယူအဆအသစ်ဖြင့် ကမ္ဘာကြီးကို ညစ်ညမ်းစေသော ခရီးသွားလုပ်ငန်းမျိုးမဟုတ်ဘဲ ယခင်ကထက် ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်း အနာဂတ်အသစ်ကိုဖန်တီးရန် ဖြစ်သည်ဟု တိုက်တွန်းလှုံ့ဆော်ကြသည်။

### ခရီးသွားလုပ်ငန်း အယူအဆများ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပျံ့နှံ့ လာ

ထို့နောက် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဟူသောနေရာတွင် ခရီးစဉ်ဒေသကိုပါ တစ်ဖန်ပြောင်းလဲပေးနိုင်သည့် ခရီးသွားလုပ်ငန်း (Transformative Tourism)၊ ခရီးစဉ်ဒေသကို ပြန်လည်တိုးတက်ကောင်းမွန်စေသော ခရီးသွားလုပ်ငန်း (Regenerative Tourism) ဆိုသည့် အယူအဆများ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပျံ့နှံ့လာခဲ့သည်။ ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့စေရန်သာမက ပိုမိုတိုးတက်ကောင်းမွန်လာရမည်။ ခရီးသွားလုပ်ငန်းသည် ခရီးစဉ်ဒေသ၏ ပြောင်းလဲဖြစ်ထွန်းမှုကို ဖော်ဆောင်နိုင်ရမည်ဆိုသော အယူအဆများ သက်ဝင်ပေါ်ပေါက်လာခဲ့သည်။ ယင်းအချိန်ကာလကပင် Transformation ဟူသော အသုံးအနှုန်းသည် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အဓိကနေရာမှ ပါဝင်လာသည်ဟု ပြောရပေမည်။

ခရီးသွားလုပ်ငန်း၏ ပြောင်းလဲလာသော အနေအထားကိုကြည့်ကြပါစို့။ ခရီးသွားလုပ်ငန်းသည် *စာမျက်နှာ ၇ သို့*

> **"ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဟူသောနေရာတွင် ခရီးစဉ်ဒေသကိုပါ တစ်ဖန်ပြောင်းလဲပေးနိုင်သည့် ခရီးသွားလုပ်ငန်း (Transformative Tourism)၊ ခရီးစဉ်ဒေသကို ပြန်လည်တိုးတက်ကောင်းမွန်စေသော ခရီးသွားလုပ်ငန်း (Regenerative Tourism) ဆိုသည့် အယူအဆများ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပျံ့နှံ့လာခဲ့သည်။ ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့စေရန်သာမက ပိုမိုတိုးတက်ကောင်းမွန်လာရမည်။ ခရီးသွားလုပ်ငန်းသည် ခရီးစဉ်ဒေသ၏ ပြောင်းလဲဖြစ်ထွန်းမှုကို ဖော်ဆောင်နိုင်ရမည်ဆိုသော အယူအဆများ သက်ဝင်ပေါ်ပေါက်လာခဲ့သည်။ ယင်းအချိန်ကာလကပင် Transformation ဟူသော အသုံးအနှုန်းသည် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အဓိကနေရာမှ ပါဝင်လာ"**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိရဲစခန်း အချုပ်ခန်းများနှင့် စက်တော်ရာဘိုးဘွားရိပ်သာများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　စက်တင်ဘာ　၁၀

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပုသိမ်အကျဉ်းထောင်၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ပုသိမ်မြို့ရှိရဲစခန်း အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ပုသိမ်အကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သည့် နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်းသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိတို့ကို မေးမြန်းကာ ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသား မိသားစုဝင် ၂၈ ဦးနှင့်တွေ့ဆုံ၍ အကျဉ်းသားနှင့်တွေ့ဆုံရာတွင် အခက်အခဲ ရှိ၊ မရှိ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ၊ မရှိစသည်တို့ကို တွေ့ဆုံမေးမြန်းပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ ၁၅ ဦးကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင် ဆေးရုံဆောင်၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာ ဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်းအပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများ လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် စက်တော်ရာ ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ၊ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုကို အခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ စစ်ဆေးစဉ် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွား အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေနှင့် အသက် ၆၅ နှစ်ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာထုတ်ယူရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေနှင့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးရရှိရေး စီစဉ်ဆောင်ရွက် ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ရိပ်သာ၌ လက်ခံ စောင့်ရှောက်ထားသော အဘိုးအဘွားစုစုပေါင်း ၄၁ ဦးကို နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ပုသိမ်မြို့မရဲစခန်းအချုပ်ခန်းနှင့် နယ်မြေရဲစခန်း အချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

လူတို့၏စိတ်ဆန္ဒဖြင့် လိုက်ပါလုပ်ဆောင်မှုတို့ကို အခြေခံ၍ ပြောင်းလဲနေခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကာလတွင် လူတို့၏ သွားလာနေထိုင်စားသောက်ပုံ ပြောင်းလဲသွားခဲ့သည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်း၏ အနေအထား သဘောသဘာဝ ပြောင်းလဲသွားခဲ့သည်။ ယခုရော ဘယ်အရာများက လူ(ဝါ) ခရီးသွားတို့၏ အနေအထားကို ပြောင်းလဲသွားစေပါသနည်း။ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ထွက်ရှိလာသည့် World Economic Forum ၏ Travel and Tourism at a Turning Point: Principles for Transformative Growth Insight Report က စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အဆိုပါအစီရင်ခံစာတွင် ခရီးသွားလုပ်ငန်းကဏ္ဍကို ပြောင်းလဲလာစေသော အချက်အလက်များကို တင်ပြထားသည်။ တိုးတက်ပြောင်းလဲလာသောကဏ္ဍတွင် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားများ တိုးတက်များပြားလာခြင်း၊ လူလတ်တန်းစားများ ခရီးသွားလာမှု ပိုမိုများပြားလာခြင်းသည် အနာဂတ်ခရီးသွားလုပ်ငန်း၏ ပုံသဏ္ဌာန်ကို ပြောင်းလဲလာစေမည်ဖြစ်သည်။ ထို့အပြင် MICE, Spa and Wellness, Gig Tripping ကဲ့သို့သော ခရီးသွားလုပ်ငန်းပုံစံများဖွံ့ဖြိုးလာခြင်း၊ ခရီးသွားလုပ်ငန်းအမျိုးအစား(Genre) များကွဲပြား၊ များပြားလာခြင်း၊ ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာများကို ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာခြင်းသည်လည်း ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးမှုမောင်းနှင်အားများဖြစ်သည်။

ဖော်ပြပါအချက်များက ခရီးသွားလုပ်ငန်း ပြောင်းလဲဖြစ်ပေါ်လာမှုကို အကောင်းဘက်မှ ရှုမြင်သုံးသပ်ချက်များ ဖြစ်ပါသည်။ သို့သော် အကောင်းဘက်ကချည်း ရှုမြင်သုံးသပ်မှုသည် မျှတသော သုံးသပ်ချက်ဖြစ်မည်မဟုတ်။ Dark Side ဟုခေါ်သော အကောင်း၏ အခြားတစ်ဖက်မှ ဖြစ်ပေါ်မှုများကို ထည့်သွင်းသုံးသပ်မှသာ မျှတပေလိမ့်မည်။ ခရီးသွားလုပ်ငန်း၏ အနာဂတ်အလားအလာများကို ခြိမ်းခြောက်လျက်ရှိသော အချက်များမှာ ပထဝီနိုင်ငံရေးပြဿနာများ (Geo-political Tensions)၊ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု (Climate Change and Disasters)၊ ခရီးစဉ်ဒေသ၏ လက်ခံနိုင်မှု အတိုင်းအတာထက်ကျော်လွန်သော ဧည့်သည်ဝင်ရောက်မှုများ (Overtourism)၊ သဘာဝပတ်ဝန်းကျင်အပေါ် ဖိအား သက်ရောက်မှုဖြစ်စေသည့် စွန့်ပစ်ပစ္စည်းနှင့် ညစ်ညမ်းမှုပြဿနာများ၊ လူသားအရင်းအမြစ်ဆုံးရှုံးမှုများ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအပေါ် အုပ်ချုပ်စီမံခန့်ခွဲနိုင်စွမ်းအား လျော့ကျခြင်းတို့ဖြစ်သည်။

ယင်းအချက်များက ကမ္ဘာ့ခရီးသွားလုပ်ငန်းအပေါ် အပြောင်းအလဲဖြစ်စေနိုင်သည့် အချက်အလက်များဖြစ်သည်ဟု အစီရင်ခံစာက ညွှန်ပြသည်။ UNWTO ၏ World Tourism Day 2025 “Tourism and Sustainable Transformation” Concept Note မထုတ်ပြန်မီ ထွက်လာခဲ့ဖွယ်ရှိသော အဆိုပါအစီရင်ခံစာသည် ခရီးသွားလုပ်ငန်း၏ အမှန်တကယ် လက်တွေ့ပြောင်းလဲဖြစ်ပေါ်နေသော အနေအထားနှင့် ၎င်းကိုအခြေခံ၍ ဖြစ်ပေါ်လာမည့် အနာဂတ်ခရီးသွားလုပ်ငန်းအလားအလာကို ဖော်ညွှန်းပြသနေပေသည်။

စာရှုသူအနေဖြင့် အထက်ဖော်ပြပါအချက်များကို လေ့လာကြည့်မည်ဆိုပါက ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းလဲပစ်နိုင်သည့် အကြောင်းအရာများတွင် အခွင့်အလမ်းထက် ခြိမ်းခြောက်မှုများက ပိုများနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် ယနေ့အချိန်အခါတွင် ကြံ့ကြံ့ခံရပ်တည်နိုင်သော ကဏ္ဍတစ်ခုဖြစ်ရန် လိုအပ်လာသည်။ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေသည့် လုပ်ငန်းကဏ္ဍတစ်ခုအဖြစ် တည်ရှိရန်လိုအပ်လာသည်။

ယနေ့အချိန်အခါတွင် ခရီးသွားလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုထက် ပိုမိုသော ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးကို ဦးတည်သော၊ ယဉ်ကျေးမှုများနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သော၊ ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးသော၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကို တည်ဆောက်ရန် အထောက်အပံ့ပေးသော ကဏ္ဍတစ်ခုဖြစ်၍နေလေပြီ။ ခရီးသွားလုပ်ငန်းကဏ္ဍသည် အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူ (Public, Private and People) တို့ သုံးဦးသုံးဖလှယ် လက်တွဲညီညီ ဖော်ဆောင်ရမည့် ကဏ္ဍတစ်ခုဖြစ်၍ နေလေပြီ။ ခရီးသွားလုပ်ငန်းသည် ခေတ်ကာလရေစီးကြောင်းနှင့် လိုက်ပါ၍ အလျင်အမြန်ပြောင်းလဲနေသည်။ သို့သော် ရေရှည်တည်တံ့၍ အပြုသဘောဆောင်သော ပြောင်းလဲမှုဖြစ်ရန် လိုအပ်လှပေသည်။ ။

---

## မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော်　စက်တင်ဘာ　၁၀

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲကို အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ အဆိုပြိုင်ပွဲကို လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ အရေးပြိုင်ပွဲကို ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ အတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များ၊ မိဘဆွေမျိုးများနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမိတ်ဆက်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများကို လက်ဖက်ရည်နှင့် မုန့်များဖြင့် တည်ခင်းဧည့်ခံကာ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## သနပ်ပင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

**သနပ်ပင် စက်တင်ဘာ ၁၀**

သနပ်ပင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြို ဉာဏစွမ်းရည်ပြိုင်ပွဲများကို အခြေခံပညာအထက်တန်းကျောင်း(သနပ်ပင်) ရှိ ဇီဇဝါခန်းမ၌ ယနေ့မှစ၍ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၉ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၃၅ ဦး၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲတွင် ၁၄ ဦး၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၁၅ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၃၆ ဦး၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၂၄ ဦးနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ၁၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်း၊ မြို့နယ်ပညာရေးမှူး ဦးစောဝင်းဌေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ကုံ့ကော်ရပ်ကွက်သစ်လွင်ရောင်းဝယ်ရေး သမဝါယမအသင်း၏အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

**ကျိုက်ထို စက်တင်ဘာ ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ကုံ့ကော်ရပ်ကွက်သစ်လွင် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့က အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ဦးစွာ သစ်လွင်ရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ (သဘာပတိ) ဒေါ်ခင်ဌေးက အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သမဝါယမလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် သစ်လွင်ရောင်းဝယ်ရေးသမဝါယမအသင်း၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အရှုံးအမြတ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်း၊ အသင်းသားစာရင်းစစ်အဖွဲ့အစီရင်ခံစာများအား မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေါ်အိအိလွင်က ဖတ်ကြားပြီး သဘာပတိ ဒေါ်ခင်ဌေးက အသင်းသားများထံမှ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**ကျိုက်ထို (ပြန်/ဆက်)**

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာ ၁၀ ရက်အထိ သေဆုံးသူ ၃၈၁၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# မကွေးတိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မဟာဂီတ အခြေခံပညာ/ အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီး အဆိုပြိုင်ပွဲ၊ ခေတ်ဟောင်း-ကာလပေါ်အခြေခံပညာ/ အဆင့်မြင့်ပညာ အဆိုပြိုင်ပွဲ၊ အမျိုးဂုဏ်/ ဇာတိဂုဏ်ဆင့်မြင့်ပညာ အဆိုပြိုင်ပွဲ၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အခြေခံပညာ အကပြိုင်ပွဲ၊ အဆင့်မြင့်ပညာ အကပြိုင်ပွဲ၊ ကဗျာလွတ်အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲတွင် အဆင့်မြင့်ပညာ/ အခြေခံပညာပြိုင်ပွဲ၊ အတီးပြိုင်ပွဲ၊ အခြေခံပညာပတ္တလား အတီးပြိုင်ပွဲ၊ အခြေခံပညာစန္ဒယားအတီးပြိုင်ပွဲ၊ အခြေခံပညာဆိုင်း တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုချီးကျူးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်၍ ဆုရရှိခဲ့သူများအား ဆုများပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲတွင်ပါဝင်ဆောင်ရွက်ပေးကြသော အကဲဖြတ်ဒိုင်များ ၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာဦးစီးဌာနတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဆုရရှိသူများက ပြန်လည်သီဆို ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**





# မွန်ပြည်နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေမြိုင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

ပေါ်တူဂီအသင်း ဂိုးရရှိနိုင်သည့်အခွင့်အရေးများစွာကို ဟန့်တားကာကွယ် နိုင်ခဲ့သည်။

အသက် ၄၀ အရွယ် ပေါ်တူဂီအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည့်အတွက် နိုင်ငံတကာ သွင်းဂိုး ၁၄၁ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်သီတင်းပတ်တွင် ပေါ်တူဂီက အာမေနီးယားအသင်းကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင်လည်း အသင်းအတွက် နှစ်ဂိုးသွင်းယူ ပေးထားနိုင်သည်။

ဟန်ဂေရီအသင်းသည် ပွဲချိန်တစ်လျှောက်တွင် ပေါ်တူဂီအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ငါးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ ပေါ်တူဂီအသင်းက ဟန်ဂေရီအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် (၁၅) ကြိမ်နှင့်အတူ ဂိုးရရှိနိုင်သည့်အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သည်။ ဟန်ဂေရီအသင်းအတွက် သွင်းဂိုးများကို ဗာဂါတစ်ဦးတည်းက သွင်းယူပေးပြီး ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ဆီးဗားလ်၊ စီရော်နယ်ဒိုနှင့်ကန်ဆယ်လိုတို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ပြင်သစ်က အိုက်စလန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဩစတြီးယားက ဘော့စနီးယားကို နှစ်ဂိုး-တစ်ဂိုး၊ နော်ဝေက မော်ဒိုဗာကို ၁၁ ဂိုး-တစ်ဂိုး၊ အယ်ဘေးနီးယားက လတ်ဗီးယားကို တစ်ဂိုး-ဂိုးမရှိ၊ အင်္ဂလန်က ဆားဘီးယားကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဆိုက်ပရက်စ်နှင့် ရိုမေးနီးယားအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တရုတ်နိုင်ငံ ပေကျင်းမြို့၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ Omnimedia သတင်းမီဒီယာ အယ်ဒီတာများနှင့် စာနယ်ဇင်းသမားများ တွေ့ဆုံဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) က ကြီးမှူး၍ CICG Institute ၏ ထောက်ပံ့ကူညီမှုဖြင့် ကျင်းပသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ Omnimedia သတင်းမီဒီယာ အယ်ဒီတာများနှင့် စာနယ်ဇင်းသမားများ တွေ့ဆုံဆွေးနွေးပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ Beijing ZIYU ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဒေသတွင်းအာဆီယံနိုင်ငံများအကြား မီဒီယာနှင့်ဆက်နွယ်သော နယ်ပယ်ကဏ္ဍအသီးသီးတွင် ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် အပြန်အလှန်ဆွေးနွေးခြင်းများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက်မှ ၂၈ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် “Seminar for Omnimedia Editors and Journalists from ASEAN Countries” ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ၏ ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးပွဲ ၁၁ ခုကျင်းပခြင်းနှင့် ယဉ်ကျေးမှုအတွေ့အကြုံများ ဖလှယ်နိုင်ရေး အထင်ကရနေရာများသို့လေ့လာရေးခရီးသွားရောက်မည့်အစီအစဉ်များပါဝင်ပြီး အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ငါးဦး အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၂၅ ဦး ပါဝင်တက်ရောက်လျက်ရှိသည်။ **ဖြူလူသစ်**



❐ *ကျောဖုံးမှ*

မိနစ် ၄၀ တွင် စောအောင်မျိုးဦးက အား/ကာသိပ္ပံအသင်းအတွက် ဂိုးစတင်သွင်းယူပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ၄၇ မိနစ်တွင် ခန့်ဇော်ဟိန်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၄၅ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၄၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ရှမ်းယူနိုက်တက်အသင်းက ၃၉ မှတ်၊ Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်းတို့က ရမှတ် ၃၀ စီ၊ Falcon အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်းတို့က ၂၈ မှတ်စီ၊ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းက ၂၁ မှတ်စီ၊ ရာမညယူနိုက်တက် အသင်းက ၁၉ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ Dagon Port အသင်းက ရှစ်မှတ်နှင့် မဟာယူနိုက်တက်အသင်းက ငါးမှတ်ရရှိထားသည်။ ယခုတစ်ပတ်တွင် Junior Lions (ခ) မြန်မာယူ - ၁၉ လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ သွားရောက်ကစားသဖြင့် ရာမညယူနိုက်တက်နှင့် ပွဲကို ရွှေ့ဆိုင်းထားရာ ယင်းနှစ်သင်းသည် ၁၈ ပွဲသာ ကစားရသေးပြီး ကျန်အသင်းများမှာမူ ၁၉ ပွဲစီ ကစားထားပြီးဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MNL**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၀**

ညောင်ဦးမြို့နယ်ရှိ အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၇)မှ တာဝန်ယူဆောက်လုပ်ခဲ့သည့် ဘက်စုံသုံးမြို့နယ်ခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆောက်အဦအထူးအဖွဲ့(၇) တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးထံ ဘက်စုံသုံးမြို့နယ်ခန်းမဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် မြို့နယ်ခန်းမအဆောက်အအုံအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာရှိ ပုဂံနန်းမြင့်မျှော်စင်ရှိ ပုဂံယဉ်ကျေးမှုဒေသ၏ပတ်ဝန်းကျင်အလှအပများကို အပေါ်စီးမှကြည့်ရှုခံစားနိုင်ရန် ပြင်ဆင်ထားရှိမှု၊ လူဦးရေ ၇၀ ဆံ့ အစည်းအဝေးခန်းမ၊ လူဦးရေ ၆၅ ဦးဆံ့ Mini Cinema၊ စားသောက်ခန်း၊ ရုံးခန်းနှင့် Galleria & Souvenir shop များကိုလည်းကောင်း၊ ပုဂံမြို့ဟောင်းရှိ မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းကြီး၏ သိရီဇေယျာဘူမိပုဂံရွှေနန်းတော်ကို လည်းကောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေကန်များဖြစ်သည့် အာမနာကန်နှင့် မင်္ဂလာကန်(၃) ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး(ဓါတ်ပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**




# တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်



**မော်လမြိုင် စက်တင်ဘာ ၁၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံးရာမညခန်းမ၌ မွန်ပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများ ကိုယ်တိုင်စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ချက်ပြုတ်ထုပ်ပိုးနေမှုများကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တပ်မတော်သားများအတွက် ငါးခြောက်ကြော်ဘူး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ မုန့်ကြွပ်၊ ကော်ဖီ စသည်ဖြင့် ပစ္စည်းအမယ် ခုနစ်မျိုးပါဝင်သည့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၈၅၂ သိန်းတန်ဖိုးရှိ ပစ္စည်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ ပေးအပ်ပြီး (ဓါတ်ပုံ) အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ အခြေခံစားသောက်ကုန်များ၊ စာရေးကိရိယာနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာ အုပ်စုဟွေ့ရဲကျေးရွာအောင်မင်္ဂလာတောရဘုန်းတော်ကြီးသင် မူလတန်းကျောင်း ဝမ်ကောင်းရပ်ကွက်ရှိ တာချီလိတ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာသို့ ယနေ့နံနက်ပိုင်းက ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အခြေခံစားသောက်ကုန်များ၊ စာရေးကိရိယာနှင့်သင်ထောက်ကူပစ္စည်းများ သွားရောက်လှူဒါန်းသည်။

ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှငွေး၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းနှင့် အဖွဲ့ဝင်များက အောင်မင်္ဂလာတောရ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းမှ ဆရာ ဆရာမနှင့်ကျောင်းသားကျောင်းသူ ၁၄၆ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့်သင်ထောက်ကူပစ္စည်းများ၊ အာဟာရမုန့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဝမ်ကောင်းရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာသို့ သွားရောက်၍ တိုင်းရင်းသားလူငယ် ကျောင်းသား ကျောင်းသူ ၅၃ ဦးနှင့် အဘိုးအဘွား ၂၂ ဦးတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ အာဟာရမုန့်များ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် အသုံးအဆောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**



# မြန်အောင်၌ လူငယ်ရေးရာဟောပြောပွဲ ကျင်းပ




**မြန်အောင် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာဟောပြောပွဲကို ယမန်နေ့က အထက (၂) နေခြည်ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းတို့က ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းများကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ဆရာမ ဒေါ်ထက်ထက်ဦး ဦးဆောင်၍ Grade- 9 မှ မောင်ထက်ဘုန်းပြည့်က လူငယ်နှင့်စည်းကမ်း၊ Grade-10 မှ မောင်စွမ်းထက်အောင်က လူငယ်နှင့်ပညာ၊ Grade-10 မှ မဆုပန်ထွာလင်းက လူငယ်နှင့်မူးယစ်ဆေး၊ Grade-10 မှ မဆုမြတ်မွန်က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့်ပါဝင်ဆွေးနွေးကြရာ တက်ရောက်ကြသည် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ လူငယ်ရေးရာဟောပြောပွဲကျင်းပရာ ကဏ္ဍအလိုက်အသိပညာပေးဟောပြောခဲ့ကြပြီးနောက် ကျောင်းသား ကျောင်းသူများက ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## ရွှေကျင်မြို့၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နေ့မှစ၍ လွန်ခဲ့သည့်နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁ | ရွှေကျင် | ၁၀-၉-၂၀၂၅ | ၂၇၂ | ၁၀.၇၁ | ၁-၉-၁၉၇၂ | ၂၃၆ | ၉.၂၉ | ၆၁ |

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂ ဦးအား ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသားနှစ်ဦး စုစုပေါင်း ၁၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော လုံးဆန်ဆာ ကြာပန်းအမှတ်တံဆိပ် သွေးတိုးကျဆေးနှင့် ရာဇဂြိုဟ်အမှတ်တံဆိပ် သွေးတိုးကျဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိခဲ့သော်လည်း ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လွှမ်းမိုးအောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးကြီးနှင့် သကြားခါတ်ထိန်း ရေနွေးကြမ်းတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါး (၄)မျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်မရှိသောတိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | လုံးဆန်ဆာ ကြာပန်း | သွေးတိုးကျဆေး | ဆေးပြား | TMR–011205 (1114) | မိုင်းကိုင်မြို့။ |
| ၂။ | ရာဇဂြိုဟ် | သွေးတိုးကျဆေး | ဆေးပြား | TMR–013006 (0121) | ရန်ကုန်။ |
| ၃။ | လွှမ်းမိုး အောင် | သွေးချို–ဆီးချိုကျ ဆေးကြီး | ဆေးပြား | – | ၉၁လမ်း၊ ၂၈–၂၉လမ်းကြား၊ ပုလိုင်းမမွှာရုံ တောင်ဘက်၊ ချမ်းသာရ ဘုရားမြောက်ဘက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | – | သကြားခါတ်ထိန်း ရေနွေးကြမ်း | အပိုင်းအစ | – | ဖော်ပြထားခြင်းမရှိပါ။ |



တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ။

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ကျောက်ဖြူမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၂၀၂၅ –၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က မြို့မအားကစားဘောလုံးကွင်းကြီး၌ကျင်းပရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဘောလုံးပွဲဝါသနာရှင် ပြည်သူများ လာရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဌာနဆိုင်ရာဘောလုံးအသင်းနှင့် မြို့ပေါ်အားကစားဝါသနာရှင် လူငယ်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကစားခဲ့ကြသည်။ ထို့နောက် ကျောင်းပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့



လာရောက်အားပေးကြသည့် ကျောင်းသား ကျောင်းသူများကို ဆရာ ဆရာမများက မြူးမြူးကြွကြွ အားကစားတေးသီချင်းများ၊ ရခိုင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပေးခဲ့သည်။ ဆက်လက်၍ အခြေခံပညာကျောင်းပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ အထက–(၁)ဘောလုံးအသင်းနှင့် အထက(၃) ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး အထက–(၁) ဘောလုံးအသင်းက အထက(၃) ဘောလုံးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတို့၌ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယဆုရရှိသည့် အသင်းများအား ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လည်ဆွဲဆုတံဆိပ်၊ ဆုဒိုင်း၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ဓာတ်ပုံ)** အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(ပြန်/ဆက်)**




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
၄။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်။

## ခမောက်ကြီးမြို့၌ မူလတန်းကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

**ခမောက်ကြီး စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့၌ ကျောင်းနေအရွယ် ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားသင်ယူနေသည့် မူလတန်း ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးခြင်းကို ယမန်နေ့က အခြေခံပညာ အလယ်တန်း ယုဇနကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် မူလတန်း ကျောင်းသား ကျောင်းသူ ၇၇ ဦးအား အစာအာဟာရ သုံးအုပ်စုတွင် ပါဝင်သောထမင်း၊ ဟင်း၊ မုန့်နှင့်အချိုရည်တို့ကို နံနက်စာအဖြစ်ကျွေးမွေးခဲ့ရာ အဆိုပါကျွေးမွေးပွဲသို့ ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများ လိုက်လံကြည့်ရှုသည်။

ကျောင်းသား ကျောင်းသူ ကလေးများ၏ ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးအတွက် အစာအာဟာရများကို သင့်တင့်မျှတစွာ စားသုံးနိုင်ရေးနှင့် ကျန်းမာသန်စွမ်းသော ကလေးငယ်များ ဖြစ်လာစေရေးအတွက် ဖြည့်စွက်အစာများကို ကျွေးမွေးခြင်းဖြစ်ကြောင်း သိရသည်။

**ခမောက်ကြီး (ပြန်/ဆက်)**

## ပင်လောင်းမြို့၌ ဆေးဝါးအရောင်းဆိုင်များ စစ်ဆေး

**ပင်လောင်း စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်ရှိ ဆေးဝါးအရောင်းဆိုင်များကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆေးဝါးအရောင်းဆိုင်များ စစ်ဆေးရာတွင် ဆေးဝါးအတုနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ဆေးဝါးများ၊ ဆေးဝါးရောင်းချခွင့်လုပ်ငန်းလိုင်စင်များ၊ ဆေးဝါးရောင်းချသည့်နေရာအကျယ်အဝန်း၊ အလင်းရောင်၊ လေဝင်လေထွက်ကောင်းမွန်မှု ရှိ/ မရှိ၊ တိရစ္ဆာန်/ပိုးကောင်များ ဝင်ရောက်မှု ရှိ/ မရှိ၊ သန့်ရှင်းမှု ရှိ/ မရှိ၊ ဆေးဝါးသိုလှောင်ထားရှိမှု၊ ဆေးဝါးအာနိသင်အရည်အသွေးနှင့် ပျက်စီးမှုများ၊ ထိန်းချုပ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ဆေးဝါးရောင်းချခွင့် စည်းကမ်းနှင့်အညီရောင်းချမှု ရှိ/မရှိ စစ်ဆေးသည်။

အဆိုပါ ဆေးဝါးအရောင်းဆိုင်များ စစ်ဆေးမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးတပ်ဖွဲ့စု (၂၆) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဦးစီးမှူး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ဆီဆိုင်မြို့၊ အောင်မြေသာစံမြို့နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဆီဆိုင်မြို့၊ အောင်မြေသာစံမြို့နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအနီး ဆိုက်ခေါင်-မောက်မယ်သွားလမ်းတွင် မောက်မယ်ဘက်မှ ဆိုက်ခေါင်သို့ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ထီလုံးဟီးကျေးရွာနေ ခွန်မောင်ကံ(ခ) သိန်းဇော်(၂၉)နှစ် မောင်းနှင်ပြီး ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ထီလုံးဟီးကျေးရွာနေ နန်းဗွာ(၄၄)နှစ် လိုက်ပါလာသော ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ညနေ ၆ နာရီတွင် သတင်းအရ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၈၉ လမ်း၊ ၁၈ လမ်းx၁၉ လမ်းကြားတွင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဖုန်းမြင့်နိုင် (၂၈)နှစ် မောင်းနှင်ပြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ သက်ဇော်ဦး(၃၀)နှစ် လိုက်ပါလာသော MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။


ဖုန်းမြင့်နိုင်နှင့် သက်ဇော်ဦးတို့ကို ဖမ်းဆီးရမိသည့်ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖုန်းမြင့်နိုင် ငှားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ နေအိမ်မှ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၈ သိန်း နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# လူဦးရေကျဆင်းလာမှုကြောင့် ဂျပန်နိုင်ငံ၏ လယ်ယာလုပ်ငန်းခွင်ကို ခြိမ်းခြောက်လျက်ရှိ



**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ၏ လယ်ယာမြေ သုံးပုံတစ်ပုံနီးပါးတွင် လာမည့် ၁၀ နှစ်အတွင်း ကောက်ပဲသီးနှံစိုက်ပျိုးမည့်လူ နည်းပါးလာမည်ဟု ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောသည်။

ကျေးလက်ဒေသများတွင် လူဦးရေကျဆင်းလာပြီး အသက်အရွယ်ကြီးရင့်သော လုပ်သားအင်အား တိုးလာသည့်အတွက် ယခုလိုအချက်ပေးသည့် ခန့်မှန်းချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတစ်ဝန်း မြေယာအသုံးချမှုဆိုင်ရာ စစ်တမ်းများအပေါ် အခြေခံ၍ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ယခုသီတင်းပတ်အစောပိုင်းတွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါစစ်တမ်းအရ ၁၀ နှစ်ကျော်အတွင်း လယ်ယာမြေ ဟက်တာ ၁ ဒသမ ၃ သန်းကျော်မှာ ကောက်ပဲသီးနှံ စိုက်ပျိုးရိတ်သိမ်းမည့် လုပ်သားအင်အားပြတ်လပ်မည်ကို ပြသနေသည်။

အဆိုပါပမာဏသည် ဂျပန်နိုင်ငံ၏ စုစုပေါင်း စိုက်ပျိုးရေးဧရိယာ ဟက်တာ ၄ ဒသမ ၂၂ သန်းဝန်းကျင်၏ ၃၁ ရာခိုင်နှုန်းကျော်ဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ရန် မြေယာများကို ပိုမိုကြီးမားသည့်လယ်ယာမြေအဖြစ် ပေါင်းစည်းရန်နှင့် အခြားသောဒေသများမှ လုပ်သားအင်အားရှာဖွေရန် အစီအစဉ်များရေးဆွဲကာ အဆိုပါအခြေအနေကို တုံ့ပြန်ရန် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အီသီယိုးပီးယားနိုင်ငံ၌ အာဖရိက၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်း ဖွင့်လှစ်

**အဒစ္စအဘာဘာ စက်တင်ဘာ ၁၀**




အီသီယိုးပီးယား နိုင်ငံသည် အာဖရိက၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် Grand Ethiopian Renaissance Dam (GERD) ကို စက်တင်ဘာ ၉ ရက်တွင် တရားဝင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို နိုင်ငံအနောက်မြောက်ပိုင်း ဘနီရှန်ဂူ–ဂူမုဇ်ဒေသ ရေကာတာအနီးတွင် ကျင်းပခဲ့ပြီး အာဖရိကသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ မိုဟာမက်အလီ ယူဆွတ်ဖ်၊ ကင်ညာသမ္မတ ဝီလီယံ ရူတို၊ ဂျီဘူတီ သမ္မတ အစ္စမေးလ် အိုမာဂူလယ်နှင့် တောင်ဆူဒန်သမ္မတ ဆဲလ်ဗာကီးယားတို့ အပါအဝင်အီသီယိုးပီးယားအကြီးတန်းတာဝန်ရှိသူများ၊ အာဖရိကခေါင်းဆောင်များ၊ အာဖရိကသမဂ္ဂမှ ကိုယ်စားလှယ်များနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သိရသည်။

ဆူဒန်နယ်စပ်အနီး ဘလူးနိုင်းမြစ်ပေါ်တွင် ၂၀၁၁ ခုနှစ်က ၅၁၅၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စီမံကိန်းကို စတင်ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံတွင် အဘေးမြစ်ဟု လူသိများသော ဘလူးနိုင်းမြစ်သည် အဒစ္စအဘာဘာမြို့၏ မြောက်ဘက် ၅၇၀ ကီလိုမီတာခန့်တွင်ရှိသည့် တာနာရေကန်မှ မြစ်ဖျားခံလာခြင်းဖြစ်ပြီး နိုင်းမြစ်၏ အဓိကမြစ်လက်တက်နှစ်ခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နျူကလီးယားစစ်ဆေးမှု ပြန်လည်စတင်ရန် နည်းလမ်းများကို အိုင်အေအီးအေနှင့် အီရန်တို့ သဘောတူ

**တီဟီရန် စက်တင်ဘာ ၁၀**

အီရန်နိုင်ငံအတွင်းရှိ နျူကလီးယားစက်ရုံများကို စစ်ဆေးမှုပြန်လည်စတင်ရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းများကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) နှင့် အီရန်နိုင်ငံတို့ သဘောတူခဲ့ကြသည်။

အိုင်အေအီးအေမှ ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရောဆီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရက်ချီတို့သည် စက်တင်ဘာ ၉ ရက်က အီဂျစ်နိုင်ငံတွင် တွေ့ဆုံခဲ့ကြသည်။ စက်တင်ဘာ ၉ ရက်တွေ့ဆုံမှုအပြီးတွင် အီရန်၌ နျူကလီးယားစက်ရုံများ စစ်ဆေးမှုပြန်လည်စတင်ရေး လက်တွေ့ကျသည့်နည်းလမ်းများကို နှစ်ဖက်စလုံးက သဘောတူခဲ့ကြသည်ဟု ဂရောဆီက လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။ လမ်းကြောင်းမှန်ပေါ်ရောက်ရန် အရေးကြီးသည့်ခြေလှမ်းဖြစ်သည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သဘောတူညီချက်ရရှိခြင်းဖြင့် အီရန်သည် ၎င်း၏ သည်းခံမှုနှင့် တာဝန်သိစိတ်ကို ပြသခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

နျူကလီးယားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည့် အီရန်၏ရပ်တည်ချက်ကိုလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ သဘောတူညီမှု၏ အသေးစိတ်အချက်အလက်များကို နှစ်ဖက်စလုံးမှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။ ယခုသဘောတူညီချက်သည် အီရန်ရှိ နျူကလီးယားစက်ရုံများကို အပြည့်အဝစစ်ဆေးရေးအတွက် လမ်းကြောင်းဖြစ်နိုင်မည် ဟုတ်မဟုတ်ကို အာရုံစိုက်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# MSME လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများမြှင့်တင်ရန် လာအို လုပ်ဆောင်

**ဗီယင်ကျန်း စက်တင်ဘာ ၁၀**

လူငယ်များကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) စွမ်းရည်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်နှင့်အညီ လာအိုနိုင်ငံသည် အသေးစား၊ အလတ်စားနှင့် အလယ်အလတ်စီးပွားရေးလုပ်ငန်းများ (MSMEs)၏ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းလာစေရန်နှင့် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃–၂၀၂၅ နှစ်အတွင်း လာအိုနိုင်ငံရှိ MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြန်လည်သုံးသပ်ရန် လာအိုစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစည်းအဝေးခေါ်ယူခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ စက်တင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာအရ သိရသည်။

အဆိုပါစီမံကိန်းသည် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုမှတစ်ဆင့် MSME လုပ်ငန်းများ၊ စွန့်ဦးတီထွင်သူများနှင့် လုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်မှုများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ရည်ရွယ်သည်။

အဆိုပါစီမံကိန်းသည် အလုပ်အကိုင် ပံ့ပိုးပေးရန်၊ စွန့်ဦးတီထွင်နိုင်စွမ်းကို မြှင့်တင်ပေးရန်နှင့် အသစ်သစ်သော လုပ်ငန်းစတင်တည်ထောင်လုပ်ကိုင်မှုများ ဖန်တီးခြင်းကိုမြှင့်တင်ပေးရန်အတွက် တစ်ဦးချင်းစီကို ဒစ်ဂျစ်တယ်နှင့် အိုင်စီတီစွမ်းရည်များ ဖြည့်ဆည်းပေးရန် အာရုံစူးစိုက်လုပ်ဆောင်လျက်ရှိသည်။ အိုင်စီတီနှင့် ဆက်စပ်နည်းပညာများတွင် အဓိကအစိတ်အပိုင်းများအနေဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းလေ့ကျင့်ရေးတို့လည်း ပါဝင်သည်။



အဆိုပါစီမံကိန်းသည် စွန့်ဦးတီထွင်မှုဆိုင်ရာ စနစ်များ ရင်းနှီးကျွမ်းဝင်ရေးအတွက် အရေးပါသော ခြေလှမ်းလည်းဖြစ်သည်။

ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို အားပေးမြှင့်တင်ခြင်းအားဖြင့် အဆိုပါစီမံကိန်းသည် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးပြီး အလုပ်အကိုင်များဖန်တီးပေးကာ နိုင်ငံ၏ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ပံ့ပိုးပေးနိုင်ရန် မျှော်လင့်သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း၌ လူလေးဦးလိုက်ပါလာသော ရဟတ်ယာဉ်ပျက်ကျ

**ဂျကာတာ စက်တင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ပါပူအာပြည်နယ်၌ လူလေးဦးလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၁၀ ရက်က ပျက်ကျခဲ့သည်။

ရဟတ်ယာဉ်သည် ပန်ကပ်ခရိုင် အီလာဂါလေဆိပ်မှ မီမီကာခရိုင် မိုဇက်လေဆိပ်သို့ ပျံသန်းနေစဉ် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု မီမီကာခရိုင်ရှာဖွေကယ်ဆယ်ရေးရုံးအကြီးအကဲ အီဝါရမ်ဆူရက်နာက ပြောကြားခဲ့သည်။

ပျက်ကျရဟတ်ယာဉ်ကို ခြေရာခံနိုင်ခဲ့ပြီး ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် ခရီးသည်နှစ်ဦးလိုက်ပါလာခဲ့ကြောင်း သိရသည်။ သို့သော်လည်း ၎င်းတို့၏အခြေအနေမှန်ကို မသိရသေးကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်ဥက္ကလာပမြို့နယ်၌ အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် သွေးတိုးနှင့် ဆီးချိုရောဂါရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်သည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်းက အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးဗဟုသုတများကို အသိပညာပေးဟောပြောပေးခြင်း၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက တီဘီရောဂါနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွားများအားအသက်ကြီး ပုဂ္ဂိုလ်စောင့်ရှောက်ရေးလုပ်ငန်းများ စမ်းသပ်စစ်ဆေးခြင်း၊ ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါစစ်ဆေးခြင်း၊ သွားဆရာဝန်မှ သွားနှင့် ခံတွင်း စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီး အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် ရွေ့လျားဓာတ်မှန်ရိုက်ကူးရေးအဖွဲ့မှ တာဝန်ရှိသူများက ရင်ဘတ်ဓာတ်မှန်ရိုက်ကူးဆောင်ရွက်ပေးခြင်း၊ စုဝေး၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ၁၀ မိနစ်စာ ခုံထိုင်လေ့ကျင့်ခန်းပြုလုပ်ပေးခြင်း၊ သက်ကြီးကျန်းမာရေးစကားဝိုင်းများ၊ အသိပညာဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ဒလမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**ဒလ စက်တင်ဘာ ၁၀**

ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ လုပ်ငန်းရှင်အခွန်ထမ်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



**(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ပြည်သူ့အကျိုးပြုသန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၁၀ ရက်က သာယာဝတီမြို့ တိုက်ကျောင်းဘုန်းကြီးကျောင်း၌ ဆောင်ရွက်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲစိုးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။** ခရိုင်(ပြန်/ဆက်)

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်တွင် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာ ယာဉ်ရပ်နားဝင်း၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၉ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၃၇ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၇၉၀၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီး၊ JAC Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၄၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပို့ကလို့ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၇၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၉၆၁၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၈ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အမှတ်(၅၀၃)ရှိ ရုံးခန်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၉၆၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၁၀၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ထူး ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀)ကိုလည်းကောင်း၊ ရှာငံခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၆၉၇၅၇၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Profia Truck တစ်စီး၊ Chin Dwin Star Truck တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၆၇၇၅၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၇၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၃၃၅၇၇၇) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဝေါ စက်တင်ဘာ ၁၀**
ဝေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာ အထက်တန်းကျောင်း(ဖိုးဦးစိန်)၌ ကျင်းပသည်။



ဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမိုးအောင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေး**

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က ပေါင်းစပ်ညှိနှိုင်းပေးသူ အဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်

**သဃ်န်းကျွန်း စက်တင်ဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရွှေနားပန်ဘုရားဓမ္မာရုံတွင် (ဇ-မြောက်) ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်တွင် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြ သည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

## ကျွန်းလှမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ကျွန်းလှ စက်တင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး



ဟောပြောပွဲနှင့် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ပျဉ်းမမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကလေးအလုပ်သမား ပပျောက်ရေးရည်မှန်းချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာကာကွယ်ပေးရေး၊ ကလေးအလုပ်သမားဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## မအူပင်မြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**မအူပင် စက်တင်ဘာ ၁၀**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၉) ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူ ၄၀၀ ခန့် တက်ရောက်ခဲ့သည်။

ဦးစွာ မအူပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်ဝင်းဝင်းမာက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းအကြောင်းအရာများနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး မဲဆန္ဒရှင်ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်နှင့် လူငယ်ရေးရာအသိပညာပေး

**တောင်တွင်းကြီး စက်တင်ဘာ ၁၀**
လူကုန်ကူးမှုအန္တရာယ်နှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ချောက်ကြား)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ဖြစ်စဉ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ တွေ့ကြုံနေရသည့် လူကုန်ကူးမှုအန္တရာယ်များအကြောင်းကို လည်းကောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် စာပေလေ့လာ



ဖတ်ရှုကြရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ **နောင်နောင် (မိဿနိုးမြေ)**

## ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၀**
စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်နေသော ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲ၌ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက **အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်ဖြေဆိုခဲ့ကြပြီး ပါဝင်ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များ၊ ပန်းချီဆွဲစက္ကူနှင့် ဆေး ရောင်စုံခြယ်ဘူးများ၊ မုန့်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



## ရွှေတောင်မြို့နယ်၌ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၈၉၂ ဦးတို့အတွက် လူမှုရေးပင်စင်ထောက်ပံ့

**ရွှေတောင် စက်တင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ လူမှုရေးပင်စင်ထောက်ပံ့ကြေးငွေအား အသက် ၈၅ နှစ်အထက်ဘိုးဘွားများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလ)အထိ ရွှေတောင်မြို့နယ် မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈ အုပ်စုအတွင်းရှိ ဘိုးဘွား ၈၉၂ ဦးအား လူမှုဝန်ထမ်းဦးစီးဌာနက မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ဘိုးဘွားတစ်ဦးလျှင် တစ်လငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ခြောက်လစာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၁၀**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက မုဒွန်းအခြေခံပညာအထက်တန်းကျောင်း ပညာကြယ်စင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးလှဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူလေးဦးက လူငယ်နှင့်စာဖတ်ခြင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ စာဖတ်ခြင်းကြောင့် လူမှုဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုနှင့် စာဖတ်ခြင်းဖြင့်စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ **ကိုကျော်(ချောင်းဆုံ)**

## စစ်ကိုင်းခရိုင် ပြည်သူ့စာကြည့်တိုက်သို့ သုတ/ရသစာအုပ်များ လှူဒါန်း

**စစ်ကိုင်း စက်တင်ဘာ ၁၀**
မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံးသည် ရုံးအဆောက်အအုံ ပြိုကျပျက်စီးခဲ့ရာ ပြည်သူ့စာကြည့်တိုက်ရှိ သုတ/ရသ စာအုပ်များလည်း ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ဦးဝင်းလှိုင်ဦး (ဒါရိုက်တာ၊ ဝန်ဇင်းစာပေ၊ Wun Zinn Myanmar Ebook Store၊ Bagan Innovation Technology) မှ သုတစာအုပ် ၃၀၀၊ ဝတ္ထု ၁၃၂ အုပ်၊ ကဗျာ ၅၈ အုပ်၊ ရုပ်ပြစာအုပ် ၁၄၀၊ ပုံပြင် ၁၀ အုပ် စုစုပေါင်းစာအုပ် ၆၄၀ တန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ တန်ဖိုးရှိ စာအုပ်များ လှူဒါန်းခဲ့သည်။

**နေလင်းအောင် (ပြန်/ဆက်)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၀**



မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၁ ဦး၊ ပန်းချီပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်ရောက်သည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်နှင့် ပန်းချီဆေးများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ကျောင်းကုန်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရသေ့ချောင်ကျေးရွာ ဇေယျာသိဒ္ဓိ သီလရှင်ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးညွန့်က အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲပေးခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အရေးယူခံရနိုင်သည့် ပြစ်မှုပြစ်ဒဏ်ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်တက်ရောက်လာသောပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

အခမ်းအနားသို့ ဗျိုက်ကြီး၊ ဇီးချောင်၊ ဂုန်မင်း၊ ရေတာကြီး၊ ကံကလေး၊ လှည်းဆိပ်၊လက်ပံချောင်၊ ဆိပ်ဖူးနီ၊ ရွှေပန်းငူ၊ ကျုံဖားရိုးသဲကုန်၊ စပါယ်ရုံ၊ ရောင်ပြစ်ကွင်း၊ လေ့ကွဲလဟာ ကျေးရွာတို့မှ ပြည်သူ ၁၁၃ ဦးခန့် တက်ရောက်ခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**မိုင်းပျဉ်း စက်တင်ဘာ ၁၀**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ မြန်မာ့စီးပွားရေးဘဏ်တွင် စတင်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ ခုတို့မှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၈၅ ဦးအတွက် တစ်ဦးကိုတစ်လလျှင် ၁၀၀၀၀ကျပ်နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာနှင့် သက်ကြီးဘိုးဘွား နှစ်ဦးအတွက် ဇူလိုင်လမှ စက်တင်ဘာအထိ လူမှုရေးပင်စင်များကို မိုင်းပျဉ်းမြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

## မိုင်းယန်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အား ရှမ်း၊ အာခါဘာသာစကားများဖြင့် အသိပညာပေး

**မိုင်းယန်း စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းကို စက်တင်ဘာ ၉ ရက်က ဈေးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းဆမ်ကျောက်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာများကို ရှမ်း၊ အာခါတိုင်းရင်းသား ဘာသာစကားများဖြင့် အသိပညာပေးရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးအရာရှိနှင့် ကော်မတီဝင်များက ရပ်ကွက်နေပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းထူး**



## ဆရာ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများ၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ကျင်းပဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကား ပြောကြားပြီး အောင်ချက်အကောင်းဆုံး အထကကျောင်းနှင့် အထက(ခွဲ) ကျောင်းများ၊ ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရှင်တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဆုများချီးမြှင့်သည်။ ထို့နောက် သုံးဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ငါးဘာသာဂုဏ်ထူးရှင်က ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် သီဆိုဖျော်ဖြေရေးအဖွဲ့များနှင့် အခမ်းအနားမှူးများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၄၇ ဦးအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲကိုမောင် (ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေး

**စေတုတ္တရာ စက်တင်ဘာ ၁၀**



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းကို ယနေ့နံနက်ပိုင်းက စေတုတ္တရာမြို့နယ် မိခင်နှင့်ကလေးဌာနရုံး၌ ဆောင်ရွက်သည်။ ကျန်းမာရေးစစ်ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းဆရာ ဆရာမများက အငြိမ်းစားဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

**ဆန်းကိုကို(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသိပညာပေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြခြင်းကို စက်တင်ဘာ ၉ ရက်က ဆည်ပေါက်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ပြုလုပ်ရာ ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၇၃ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရပ်မိ ရပ်ဖများနှင့် ကျေးရွာပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့ စမ်းသပ်ဆောင်ရွက်ကြပြီး မြို့နယ်ရွေးကောက်ပွဲ အရာရှိက မဲစာရင်းဖြင့် ဆန္ဒပြုသူအရေအတွက်တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ် ထုတ်ပြန်ခြင်းများကို ရှင်းလင်းပြသခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြ

**ကန့်ဘလူ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဆောင်းနှမ်းပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက် ကွင်းအမှတ် (၅၆၅) ဦးပိုင်အမှတ်(၁၈) တောင်သူ ဦးအုံးကျော်၏ ယာမြေငါးဧကစိုက်ပျိုးမြေ၌ ဆောင်ရွက်သည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်က နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။ ကွင်းသရုပ်ပြပွဲသို့ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ၁၆ ဦး၊ တောင်သူ ၂၆ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစုံ ၄၀၉၆၇၇ ဧကလျာထားပြီး ဆီထွက်သီးနှံ ၃၅၂၄၁ ဧကအနက် ဆောင်းနှမ်း ၁၁၀၇၄၉ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကန်ကြီးထောင့်မြို့နယ်၌ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်

**ကန်ကြီးထောင့် စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ကျေးရွာအုပ်စုအတွင်းရှိ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများအား မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းထုတ်ပေးနိုင်ရေးစိစစ်ခြင်းကို ယမန်နေ့နံနက်က ရေသီရိသုခခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဒါးကကျေးရွာအုပ်စုအတွင်းရှိ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဒါးကကျေးရွာအုပ်ချုပ်ရေးမှူး စုစုပေါင်းကော်မတီဝင်ငါးဦးဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး (မြန်/ဆက်)**



## လားရှိုး၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**လားရှိုး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးနှင့် ဆိုးကျိုးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ယမန်နေ့က လားရှိုးမြို့နယ် ရပ်ကွက်(၅)ရှိ ခါနန်ကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးစိုင်းထွန်းနေလှိုင်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် Community Centre Lashio မိတ်ဆက်ခြင်းနှင့် ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးနှင့်ဆိုးကျိုးစသည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်ဓာတ်ပုံပြပွဲကို ပြသခဲ့ရာ တက်ရောက်လာသည့် ခါနန်ကျောင်းမှ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု၍ သိရှိလိုသည့်အချက်များအား မှတ်သားကူးယူကြကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**



## သဲကုန်းမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံစာစောင်ပြပွဲကွင်းဆင်းဆောင်ရွက်

**သဲကုန်း စက်တင်ဘာ ၁၀**



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ နံရံကပ်စာစောင်ပြပွဲနှင့် Mobile စာကြည့်တိုက်လုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း ရွာသာလှ (ဝက်ပုတ်)၌ ဆောင်ရွက်ပေးသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကျောင်းစာအပြင် ပြင်ပစာအုပ်စာစောင်များကို ဗဟုသုတရရှိစေရေးအတွက် ငှားရမ်းဖတ်ရှုလေ့လာသော အလေ့အကျင့်ကောင်းများရှိစေရန်၊ ကလေးအလုပ်သမားပပျောက်ရေးသိကောင်းစရာများ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး သိကောင်းစရာများကိုအသိပညာပေးဟောပြောခဲ့ပြီး စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နော်ဌေးဌေးမြင့်က ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ လူငယ်များ၏စွမ်းပကားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြောပွဲကျင်းပ



**တိုက်ကြီး စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်ခွန်အားများ တိုးတက်လာစေရန်၊ လူငယ်များ၏စွမ်းပကားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မင်္ဂလာရပ်ကွက်ရှိ မစိုးရိမ်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာမူလတန်းလွန်ကျောင်း(မြို့မ ၄)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းမော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်များအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စာပေမှတစ်ဆင့် အသိပညာ ဗဟုသုတများ ဖန်တီးပေးခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ကိုယ်ကျင့်တရား၊ ကျင့်ဝတ်စံနှုန်းများ တိုးပွားလာအောင် ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့သားကောင်း လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

**ဝတ်ရည်(မြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့၌ အခြေခံဝါးလက်မှုထည်သင်တန်းဖွင့်လှစ်

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၀**

ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကျင်းပဖွင့်လှစ်သည့် လက်မှုရွာစီမံကိန်းလုပ်ငန်းဖြစ်သည့် အခြေခံဝါးလက်မှုထည်သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်က မအူကုန်ကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးကြည်က မျိုးဆက်သစ်လူငယ်များအတွက် ဝါးလက်မှုပညာရပ်များ မတိမ်ကောရအောင် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၉ ရက်မှ ၂၈ ရက်အထိ ရက် ၂၀ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ဝါးလက်မှုပညာရှင်များက သင်ကြားပေးမည်ဖြစ်ပြီး ဝါးဖြင့်ပြုလုပ်သော ပစ္စည်းအမျိုးမျိုးဖြစ်သည့် စားပွဲတင်နာရီ၊ တစ်ရှူးဘောက်၊ ဖုန်းတင်စင်၊ ပန်းအိုး စသည်တို့ကို လက်တွေ့ပြုလုပ်၍ အဆင့်ဆင့်သင်ကြားပေးမည်ဖြစ်ပြီး လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းသုံးစက်ပစ္စည်းများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(မြန်/ဆက်)**



## ပွင့်ဖြူမြို့မစည်ပင်သာယာဈေး မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မစည်ပင်သာယာဈေးကြီးအား သန့်ရှင်းသပ်ရပ်သာယာလှပစေရန်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် သတ်မှတ်ဈေးစည်းကမ်းချက်များနှင့် အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားနိုင်ရေးအတွက် စက်တင်ဘာ ၈ ရက်က ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့် အတူ ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးကြီးသို့သွားရောက်ပြီး ဈေးအတွင်းအပြင်ရှိ ဈေးရောင်းဈေးဝယ်သူများအား တွေ့ဆုံကာ ဈေးရောင်းချရာတွင် မိမိတို့ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် အရေးပေါ်မီးသတ်ယာဉ်များ ဝင်ထွက်သွားလာနိုင်အောင် ပြင်ဆင်ဆောင်ရွက်ရေး၊ သတ်မှတ်ထားသော ဈေးဆိုင်ဧရိယာအတွင်းသာ ဈေးရောင်းချရန်၊ နေရာကျူးကျော်ရောင်းချမှုများ မပြုလုပ်ကြရန်တို့ကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း(မြစ်ကိုင်း)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲခေါင်းစဉ်မှာ အထက်တန်းအဆင့်တွင် "ဆရာ့ဂုဏ်ရည်"၊ အလယ်တန်းအဆင့်တွင် "မြတ်ဆရာ"၊ ကဗျာပြိုင်ပွဲခေါင်းစဉ်မှာ အထက်တန်းအဆင့်တွင် "ပညာပြည့်ဝနှလုံးလှ"နှင့် အလယ်တန်းအဆင့်တွင် "ထာဝရအလင်းရှင်"တို့ ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြင်ပစာအုပ်စာပေကောင်းများ အစဉ်ဖတ်ရှုလေ့လာတတ်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းထံမှ သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) ဇီဝဗေဒနှင့် ဓာတုဗေဒ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) လားရှိုးမြို့ | အထက(၅)၊ လားရှိုးမြို့။ |
| (ဃ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) ခိုလမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) မော်လမြိုင်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဌ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) တောင်ငူမြို့ | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## Swiss Challenge တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စုတွင် Solar နည်းပညာဖြင့် (၂၀)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ဆောင်ရွက်ရန် Swiss Challenge တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၁-၉-၂၀၂၅)

(ခ) **တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်းမည့်နေရာ** - ဌာနခွဲ(၄)၊ဌာနစု(၁၀)၊ လျှပ်စစ်ဌာနစိတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - (၁၀-၁၀-၂၀၂၅)(၁၆:၀၀)နာရီ

၂။ ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်များအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ဝ၅၉-၂၃၅၆၄၊ ဝ၅၉-၂၃၆ဝ၂သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ပုံစံ(၈)ဝင်ပစ္စည်းများ
## လေလံတင်ရောင်းချရေး ကော်မတီ
## လေလံအမှတ်စဉ် (၁/၂၀၂၅-၂၀၂၆)

၁။ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိပုံစံ(၈)ဝင် အုပ်စု(၂၃)ခွဲသား( ၅၆.၄၃၄၂) တန်အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါ အစီအစဉ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

**ရောင်းချမည့်အစီအစဉ်**

(၁) **နေ့ရက်** - (၁၈-၉-၂၀၂၅) ရက်၊ (ကြာသပတေးနေ့)

(၂) **အချိန်** - နံနက် (၁၀:၀၀)နာရီ

(၃) **နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့

၂။ စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနတွင်တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့်သစ်အခြေခံ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/ စက်ကြီး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ(လိုင်စင်မိတ္တူနှင့်အတူ)၊ ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန်၊ အစိုးရဌာန အဆောက်အဦးများ၊ လမ်းတံတားများဆောက်လုပ်ရန်သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပါက ဈေးပြိုင် လေလံဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံအား (၁၀၀၀၀ိ/-)နှုန်းဖြင့် (၁၇)ရက်နေ့နောက်ဆုံးထား၍ ရွှေဘိုခရိုင် သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၁၁)ရက်မှစ၍ လေလံပွဲမကျင်းပမီ (၇)ရက်အလိုရုံးချိန်အတွင်း ပူးတွဲဖော်ပြပါနေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန Websitehttps://www.Forestdepartment.gov.mm တွင်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ရွှေဘိုခရိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉၀

၁။ ဒေါ်အိအိမွန်   **နှင့်**   ဦးရဲမြင့်
၂။ ဦးဇော်မင်းထွန်း
**(တရားလိုများ)**   **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်-၄၇၁ နေ ဦးရဲမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်(၁၃၈၇ ခုနှစ်၊တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူတရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ )**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၉

**ကွယ်လွန်သူ ဒေါ်တင်မ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်မ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နန်းထိုက်ဝင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်(၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၉ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်မ၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၉ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နန်းထိုက်ဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ချစ်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၃ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-010(25-26)CAP (Second Retender) | Assorted Kinds of Shaker Screen and Cyclone (2) Groups | Ks |
| (၂) | DMP/L-082(25-26)CAP (Second Retender) | Spare Parts for Safe PLC Control Panel (4) Items | Ks |
| (၃) | DMP/L-145(25-26) (Retender) | 15 W 40 Diesel Engine Oil (320) Drums | Ks |
| (၄) | DMP/L-152(25-26) (Retender) | 445/65 R 22.5 and 275/70 R 19.5 Tubeless Tyre (2) Items | Ks |
| (၅) | DMP/L-162(25-26) (Retender) | Spares for D-375 Mud Pump (4) Items | Ks |
| (၆) | DMP/L-168(25-26) (Retender) | 4" Steel Line Pipe and Accessories for Biscuit Factory (Hmawbi)(1) Lot | Ks |
| (၇) | DMP/L-023(25-26)CAP (Second Retender) | GM 6V 53 and GM 6V 71 Engine Assembly (2) Items | Ks |
| (၈) | DMP/L-169(25-26) | Accessories for Holiday Detector (7) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၁-၉-၂၀၂၅** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၅-၉-၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ** တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ဝ၆၇၂၅၄ဝ၇၈ဝ၇၈/ဝ၉၄၄၈၅၃၉၄ဝ၂**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကွက် | အကွက်အမှတ်/ အမည် | ဦးပိုင်အမှတ် | ဧရိယာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ပိုပို(ခ) ဒေါ်ချိုမာ မြင့် | ပုသိမ် မြို့နယ် | ၅ | (၆၈-က)၊ထောင်ကြီး အကွက် | ၄၆-ဇ | ဝ.ဝ၆၇ | အမည်ပြောင်း |
| ၂ | အေးမိလှိုင် | ပုသိမ် မြို့နယ် | ၃ | (၄၃)၊တံတားကြီးတန်း အကွက် | ၃၆-ည | ဝ.ဝ၂၈ | အမည်ပြောင်း |
| ၃ | ဒေါ်ခင်အေးမြင့် | ပုသိမ် မြို့နယ် | ၆ | (၁ဝ၆)၊ရွှေဘိုတပ်တောင် အကွက် | ၆၂-ဃ၊ ၈ဝ-စ | ဝ.ဝ၃၇ | အသစ် |
| ၄ | ဦးရဲဇော်လတ် ဒေါ်စုစုဝင်း | ချောင်းသာ မြို့နယ် | ၃ | ၁၉၉ဝ၊ချောင်းသာပြင် ကွင်း | ၈၂-၁၅/၁ | ဝ.ဝ၈၃ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (ခ)၊ မြေတိုင်း (၆)၊ အနော်ရထာလမ်း၊ ဦးပိုင်အမှတ် (၄၆+၄၇)၊ ဧရိယာ (ဝ.၁၂၄)ဧက၊ ဦးအင်ရောက်မင် (ဘ)ဦးအင်ယန်စမ်း(ခ)ဦးမောင်ခင် (H/RGN ဝ၁၉ဝဝ၅) အမည်ပေါက် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးနန္ဒာနွယ် (LL.B, D.B.L, LQB, UK) (WIPO-101 Switzarland)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၂၂၃)**
**အမှတ် (၄/၄၇၉)(ခ)၊ ဖိုးရာဇာလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း-ဝ၉-၅ဝ၆၈၇၄၆**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးသူရိန်ဝင်း ၁/မကန(နိုင်) ဝဝ၂၉၂၃ သည် ဇနီးဖြစ်သူ ဒေါ်ဝါဝါမိုးနှင့် သားသမီးများအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ယနေ့မှစ၍ ကျွန်မ ဒေါ်ဝါဝါမိုးနှင့် ခင်ပွန်းအဖြစ် လုံးဝမသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ဝါဝါမိုး**
**၅/စကန(နိုင်) ၁၉၇၈၄၆**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်) Grade-12 (B)မှ မနီနီခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၉/တကန(နိုင်) ဝ၆၆၈ဝ၆ ဖြစ်ပါကြောင်း။

## မိခင်တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပွဲကိုင်ရှင်(ကပက) Grade-12 မှ မောင်ဘုန်းဝေယံ၏ မိခင်အမည်မှာ ဒေါ်ရွှေကြည်(ခ)ဒေါ်စံပယ် ၈/ရစက(နိုင်) ၁၃၁၄၅၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ရွှေကြည်(ခ)ဒေါ်စံပယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းဘူးမြို့၊ ဆင်ခေါင်းကျေးရွာနေ မောင်ရဲထက်ကျော် ၈/မဘန(နိုင်) ၁၄၅၁၂၂၏ ဖခင်မှာ ဦးဇော်ဝင်းနှင့် ဦးဇော်ကြီး ၈/မဘန(နိုင်) ဝ၈၂၃၂၃မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း(ခ)ဦးဇော်ကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ မူလွန်(မအူတော)မှ ဒု-အလယ်တန်းပြ ဆရာမ နော်မာဂရက်ပိုး ၇/တငန(နိုင်)၁၃၃၈၇၆၏ ဖခင်အမည် စောပိုးရှိနှင့် ဦးပိုးရယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောပိုးရှိ(ခ)ဦးပိုးရယ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၃)ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ဘိုသူရိန်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်စိုး ၉/မခန (နိုင်) ၁၈ဝ၉၃၃ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (သဖန်း) Grade-12တွင် ပညာသင်ကြားနေသော မောင်ဘုန်းသော်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကျော်မြင့် ၉/မလန(နိုင်) ၁ဝ၉၇၈၅ ဖြစ်ပါကြောင်း။

**ဦးဖုန်းကျော်မြင့်**

## မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အထက(ခွဲ) အလက(၄) Grade-7မှ မယမုံနှင်း၏မိဘအမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးလွမ်းနောင်နှင့် ဒေါ်ခင်နွေးဖြူ ဖြစ်ပါကြောင်း။

**ဦးလွမ်းနောင်၊ဒေါ်ခင်နွေးဖြူ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ဇေယျာသီရိ(၃)ရပ်ကွက်၊ မေတ္တာလမ်းနေ (ဘ) ဦးငွေထွန်း၏သမီး မထွေးပို နှင့်မထွေးထွေးပို ၆/မမန (နိုင်) ၂၅၅၄၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မထွေးပို(ခ)မထွေးထွေးပို**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၆)လမ်း၊ အမှတ်-(၁၅၄ /က)ရှိ (၂၀x၆၀) ပေမြေပေါ်တွင်ဆောက်လုပ်ထားသော ၁ ခန်းတည်း ၆ ထပ် RC တိုက်၏ အနံ ၁၈ပေ x အလျား ၅၄ ပေ၊ အမြင့် ၉ ပေကျယ်ကာ ပထမထပ်(၂လွှာ)ဟု ခေါ်တွင်သော ရေမီးအပြည့်အစုံပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဒေါ်ဖြူဖြူဝင်းထံမှ အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးမင်းဇော်(၇/တငန(နိုင်) ဝ၉၉ဝ၉၉)က အရှုပ်အရှင်းကင်းရှင်း၍မိမိတွင်သာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်မျိုးဆင့် (၁၂/ဥကတ(နိုင်) ၁၆ဝ၃၃၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-ဝ၉-၄၂၃၇၃၆၁၆၈**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁၀-ခ)၊ အကွက်အမည် ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ (ဝ.ဝ၅၈)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်သင်းသင်းမြတ်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA-VI/ကွက်ပြင်-၆)၊ ဦးပိုင်အမှတ် (၆က/၁၁၇)၊ မြေဧရိယာ (ဝ.၁၄၇)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်တင်တင်မြင့် (၁၂/လသန(နိုင်)ဝ၁၁၂၃၃)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၉-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) မြောက်ဥက္ကလာပမြို့နယ်တရားရုံး ငြင်းချက်ထုတ်ရန်သမ္မန်စာ ကြော်ငြာတွင် (တရားလို) ဒေါ်မြင့်နိုင်အစား (တရားလို)ဦးမြင့်နိုင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ခွဲ) မြို့လုလင်ကျောင်းတွင် လက်ထောက်မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဦးကျော်စိုးထွန်း ၈/မသန(နိုင်) ၁၃၁၆၁၈ ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းနှင့် ဦးမြင့်တင် ဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အစုကြီးကျေးရွာ အထက အစုကြီး Grade-6 မှ နန့်စိုးပြည့်ဖြူစင်အား ယနေ့မှစ၍ မဇွန်ပွင့်ဖြူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရွာသစ်ကြီးကျေးရွာနေ မပိုးပိုးခင်၏ ဖခင် ဦးခင်မောင်ဆွေ(ခ)ဦးခင်မောင်ရွှေ ၁၃/ကသန(နိုင်) ၁၀၈၁၀၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆွေ(ခ)**
**ဦးခင်မောင်ရွှေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9568, Himo, Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျင်ရွှေ ၁၄/ဝခမ(နိုင်)၁၄၇၈ဝဝ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/8749, Bajaj 200, T/W အား၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ မခင်သန်း ၁၁/စတန(နိုင်)ဝ၅၄၄ဝ၃ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/3375, BAJAJ MAXIMA-2, T/W အား၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ မခင်သန်း ၁၁/စတန(နိုင်)ဝ၅၄၄ဝ၃ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/5735, Bajaj Maxima-2, T/W အား၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဦးကိုကိုဇော် ၁၁/အမန(နိုင်) ဝ၅၃၈၄၃ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁) သထုံခရိုင်တရားရုံးတော် ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇

**သထုံမြို့၊အနန်းပင်ကျေးရွာအုပ်စု အင်းကွဲကျေးရွာနေ ဒေါ်ဝင်းဝင်းခိုင် လျှောက်သူ။**

မဝေဝေနှင်းနှင့် မောင်ရာဇသစ်(ခ)မောင်သော်ဇင်ဖြိုး သထုံမြို့၊ အနန်းပင်ကျေးရွာအုပ်စု၊ အင်းကွဲကျေးရွာ ရပ်နေ အရွယ်မရောက်သေးသူ သို့မဟုတ် ၎င်းပိုင်သော ပစ္စည်းအကြောင်း

သထုံမြို့၊ အနန်းပင်ကျေးရွာအုပ်စု၊ အင်းကွဲကျေးရွာရပ်နေ (၁) လျှောက်သူ ဒေါ်ဝင်းဝင်းခိုင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ (၁၉) နှစ် (စိတ်မနှံ့သူ သမီး မိန်းကလေး)နှင့် (၁၂)ခန့်ရှိ သားယောကျာ်းလေးဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်ကို(၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၇ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းဆန်း ၁၁ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၆၀၊ B/2၊ ကွင်းအမည် ဇုက္ကနုတ်ကွင်း၊ ဦးပိုင်အမှတ်-၄၅/က၊ ဦးဇော်ဖေမြင့် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ရရှိထားသော လယ်/ဥယျာဉ် မြေအမျိုးအစား အကျယ် (၅.၅၀)ဧက အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်-၆ ဟု ခေါ်တွင်သော ၄၀x၆၀ ပေ မြေနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များအရ ဒေါ်ကြူကြူသိန်း(၉/မတရ(နိုင်)၁၆၄၆၉၃)မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး (၁/မကန(နိုင်)၂၁၅၂၂၄)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိဖြူ (L.L.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၁)**
**ဖုန်း - ၀၉-၄၂၁၁၃၇၄၆၄**

## မိဘအမည်မှန်

ကြံခင်းမြို့နယ်၊ အထက (ခွဲ) မြောင်ကြီး G-12 မှ မောင်ကျော်ဇင်မျိုးထက် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၁၄/ကခန(နိုင်) ၀၇၄၈၁၉နှင့် မိခင်အမည်မှန်မှာ ဒေါ်ခင်ချိုဝင်း ၁၄/ကခန(နိုင်) ၀၀၃၅၅၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ခွဲ)ထန်းတပင်ကျောင်းတွင် မူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စန်းစန်းဝင်း ၈/မသန(နိုင်)၀၀၄၉၅၇၏ ဖခင်အမည်မှာ ဦးစိုးနှင့် ဦးကျော်စိုးဟူ၍ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖျာပုံမြို့နယ်၊ ကျုံကန္တန်းကျေးရွာနေ မစုပြည့်၏မိခင် ဒေါ်နော်သက်ဆွေ(ခ)ဒေါ်နော်သက်သက်ဆွေ ၁၂/မရက(နိုင်) ၀၇၁၄၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နော်သက်ဆွေ(ခ)**
**ဒေါ်နော်သက်သက်ဆွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲနေ မအိအိဖြိုး၏ ဖခင် ဦးအောင်မြင့်နိုင်(ခ)ဦးမြင့်ခိုင် ၉/ပသက(နိုင်)၀၇၃၅၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မြင့်နိုင်(ခ)**
**ဦးမြင့်ခိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၂၀၄-ဘီ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်နန်းသဇင်နွယ် ၁၃/မမန(နိုင်)၀၁၁၁၁၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးစိုးလင်း ၉/ပမန(နိုင်)၁၉၈၀၄၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၈)လမ်း/တောင်၊အမှတ်(၅၉)နေ ဦးစောမျိုးသန့်၊ ဒေါ်နော်မူမူစန်း တို့၏သမီးဖြစ်သူ နော်အိဇာဇာသန့် ၁၂/လမန(နိုင်)၁၅၇၄၈၃ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် မိဘများနေအိမ်ပေါ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့်နောက်နောင် နော်အိဇာဇာသန့်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

